# ချမှတ်ထားသော မူလတန်းကျောင်းဝတ်စုံမူဝါဒ

**အနက် ရောင် ဖိနပ်နှင့် အားကစားဖိနပ်များမှလွဲ၍ လို အပ်သာ ကျောင်းဝတ်စုံ ပစ္စည်းများအားလုံး ကို ကျောင်းဝတ်စုံ ရောင်းသော ဆိုင်တွင် ရောင်းချပါသည်။**

## ဆံပင်ပုံစံ နှင့် ပတ်သက်သော အချက်အလက်

- ယောကျာ်းလေးများ နှင့် မိန်းကလေးများ၏ ဆံပင်ပုံစံများသည် သပ်ရပ်ပြီး သဘာဝအရောင် ရှိရမည် ဖြစ်သည်။ Mohawks၊ dreadlocks ဟုခေါ်သော အပေါ်ထောင်သော ဆံပင်ပုံစံများ သို့မဟုတ် ဆံပင်ကို ပုံ ဖော် ရေးဆွဲပြီး ရိတ်ထားသော ပုံစံများသည် လက်မခံနိုင်သော ဆံပင်ပုံစံများ၏ ဥပမာများဖြစ်သည်။
- အကျီကော်လံ ထက်ရှည်သော ဆံပင်ရှိသော ကျောင်းသူ/သားများသည် ရိုးရိုးအပြာရောင် သို့မဟုတ် အနက်ရောင်ဆံပင်ချည်ကြိုးများ ဖြစ်သည့် - elastics, headband, class သို့မဟုတ် ribbon ခေါင်းစီးကြိုး များကိုအသုံးပြု၍ ရှည်သော ဆံပင်ကို ပြန်ချည်ထားရမည်။
- **မည်သည့်ဆံပင်ပုံစံကိုမဆို လက်ခံနိုင်မှု သည် ကျောင်းအုပ်ကြီး၏ ဆုံး ဖြတ်ချက်အရဖြစ်ပြီး ကျောင်းသား များသည် သူတို့၏ဆံပင်ပုံစံကို ညွှန်ကြား သည့်အတိုင်း ပြုပြင်ပြီး လုပ်ဆောင်ရန်ဖြစ်သည်။**

## ကျောင်းဦးထုပ်

- **ဦးထုပ်သည် ကျောင်းဝတ်စုံ၏ တစိတ်တပိုင်းဖြစ်ပြီး နေ့စဉ် ကျောင်းတက်သော အချိန်၌ ဝတ်ဆင်ရန် အဆင်သင့်ဖြစ်နေရမည်။ အခြား ကျောင်းသူ/သား များအား မျှဝေခြင်း မပြုရပါ။**

## လက်ဝတ်လက်စား

- ကျောင်းဝတ်စုံနှင့် လိုက်ဖက်သော ရိုးရိုးလက်ပတ်နာရီကို ယောကျာ်းလေးများနှင့် မိန်းကလေးများ ဝတ်ဆင်ခွင့်ရှိပါသည်။
- မက်ဆေ့ချ်များ လက်ခံခြင်း သို့မဟုတ် ပေးပို့နိုင်သည့် စမတ်နာရီများကို ခွင့်မပြုပါ။ ဥပမာ - Apple နှင့် Samsung နာရီများ၊ Fitbits အချို့တို့ ဖြစ်ပါသည်။
- မိန်းကလေးများသည် ငွေရောင် သို့မဟုတ် ရွှေရောင်ရှိသော သေးငယ်သော ရိုးရိုးနားကပ်များသာ ဝတ်ဆင်နိုင်သည်။ကြီးမားသော ကျောက်မျက်ရတနာများ သို့မဟုတ် ပြောင်လက်သော နားကပ်များ၊ ကြယ်သီးများကို ခွင့်မပြုပါ။
- ယောကျာ်းလေးများသည် မူလတန်းကျောင်းတွင် မည်သည့် နားကပ်မျှ ဝတ်ဆင်၍ မရပါ။
- ယောကျာ်းလေး သို့မဟုတ် မိန်းကလေးများ ဝတ်ဆင်ရန် အခြားလက်ဝတ် ရတနာ သို့မဟုတ် အသုံးဆောင် ပစ္စည်းများ (ဥပမာ- ဆွဲကြိုးများ သို့ လက်ကောက်များ) ကို ခွင့်မပြုပါ။

## အားကစားဝတ်စုံ

- ဘောင်းဘီတို - ECCS ကျောင်းတံဆိပ်ပါသော Royal အပြာရောင် အားကစားဘောင်းဘီတို
- ပိုလိုရှပ်များ - ECCS ကျောင်းတံဆိပ်ပါ သော ကောင်းကင်ပြာ
- Faction အကျီ - ECCS တံဆိပ်ပါသော ပိုလိုရှပ်များ နှင့် Faction တံဆိပ်ပါသော အကျီ

- ဖိနပ် - အဓိကအားဖြင့် အဖြူရောင် အားကစားဖိနပ်
- **ခြေအိတ်များ- ကောင်းကင်ပြာ ECCS ခြေအိတ်များ**

### မိန်းကလေးဝတ်စုံများ

- မိန်းကလေးများ၏ နွေရာသီဝတ်စုံ အရှည်သည် ဒူးပေါ်တွင် ရှိသင့်သည်။ မိဘများသည် မိမိ၏သမီး ယူနီဖောင်းများကို စစ်ဆေးပြီး လိုအပ်ပါက အသစ်များကို ချိန်ညှိ ဝယ်ယူသင့်သည်။
- ဆောင်းရာသီဝတ်စုံသည် ၁ နှစ် မှ ၄ နှစ် ကျောင်းသားများအတွက် Pinafore(အရှေ့ရင်ဖုံးစကတ်) ဝတ်စုံနှင့် ၅-၆ တန်း မိန်းကလေးများအတွက် စကတ်(ECCS အကျီနှင့်ဝတ်ဆင်ရန်)။ စကတ်၏အရှည်သည် ဒူးပေါ်တွင် ရှိသင့်သည်။
- **မိန်းကလေးဘောင်းဘီသည် စကတ် သို့မဟုတ် pinafore ၏ အခြားရွေးချယ်စရာတစ်ခုဖြစ်သည်။**

### ဖိနပ်

- ECCS ကျောင်းခြေအိတ်များကို ရှူးဖိနပ်ဖြင့် ဝတ်ဆင်ရပါမည်။
- ဆောင်းရာသီတွင် မိန်းကလေးများသည် Navy အပြာရောင် အသားကပ်ဘောင်းဘီ သို့မဟုတ် ECCS ကောင်းကင်ပြာ ခြေအိတ်များကို ဝတ်ဆင်နိုင်ပါသည်။
- ယောကျ်ား လေးအနက်ရောင်ဖိနပ် - ကျောင်း၏ ထုံးတမ်းစဉ်လာ ရှူးဖိနပ်သဘ် အနက်ရောင်ကြိုးများ သို့မဟုတ် Velcro ကပ်ခွာ ဖိနပ်ဖြစ်ရမည်။ ၎င်းတို့ကို ပြောင်လက်အောင် အရောင်တင်ရမည် ဖြစ်သည်။ ရှူးဖိနပ်သည် ခြေဖနောင့် နားတွင် အမြင့်ဖြစ်ရမည် ဖြစ်သည်။
- မိန်းကလေး အနက်ရောင်ဖိနပ်- ကျောင်း၏ ထုံးတမ်းစဉ်လာ ရှူးဖိနပ်သဘ် အနက်ရောင်ကြိုးများ သို့မဟုတ် Velcro ကပ်ခွာ ဖိနပ်ဖြစ်ရမည်။ ၎င်းတို့ကို ပြောင်လက်အောင် အရောင်တင်ရမည် ဖြစ်သည်။ ရှူးဖိနပ်သည် ခြေဖနောင့် နားတွင် အမြင့်ဖြစ်ရမည် ဖြစ်သည်။



*Lace-ups* *Lace-ups* *Velcro straps* *Mary Janes*

- Hybrid အနက်ရောင်ဖိနပ်၊ စကိတ်စတိုင်ဖိနပ် သို့မဟုတ် အနက်ရောင် ဖိနပ်များကို ခွင့်မပြုပါ။ အောက်ပါပုံများကိုကြည့်ပါ။



Term 2 ၏ ပထမ ၂ ပတ် - နွေရာသီ ကျောင်းဝတ်စုံမှ ဆောင်းရာသီ ကျောင်းဝတ်စုံသို့ ကူးပြောင်းခြင်း လုပ်ရန် ကာလ ဖြစ်ပြီး၊ ၃ ပတ်မြောက် တွင် ဆောင်းရာသီဝတ်စုံ အပြည့်အစုံ ဝတ်ဆင်ရပါမည်။

Term 4 ၏ ပထမ ၂ ပတ် - ဆောင်းရာသီ မှ နွေရာသီဝတ်စုံသို့ ကူးပြောင်းခြင်းလုပ်ရန် ကာလ ဖြစ်ပြီး၊ ၃ ပတ် မြောက် တွင် နွေရာသီ ဝတ်စုံ အပြည့်အစုံ ဝတ်ဆင်ရပါမည်။